# နိုင်ငံတော်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ

**၁။ နိုင်ငံတော်၏စီးပွားရေး ပြုပြင်ပြောင်းလဲဖြစ်ပေါ်စေသည့် အချက်များ အနေဖြင့်-**

(၁) နိုင်ငံရေးစနစ်ပြောင်းလဲမှုနှင့် နိုင်ငံတော်၏ဦးစားပေးအစီအစဉ်များ ပြောင်းလဲခြင်း

(၂) ဒေသတွင်းနှင့်နိုင်ငံတကာ အခြေအနေများ ပြောင်းလဲဖြစ်ပေါ်မှု

(၃) ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ လူမှုရေးစံနှုန်းများ ရွေ့လျားပြောင်းလဲလာမှု

(၄) ရာသီဥတုနှင့် သဘာဝဘေးဒဏ်များအပေါ် တုံ့ပြန်ဆောင်ရွက်မှု

(၅) လုံခြုံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လိုအပ်ချက်များအပေါ် တုံ့ပြန်ဆောင်ရွက်မှု တို့ကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

**၂။ မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် စီးပွားရေးစနစ်များကို အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်မှာ ဖြစ်ပါတယ်။**

(၁) ၁၉၄၈ ခုနှစ် မှ ၁၉၆၂ ခုနှစ်(Market Economy)

(၂) ၁၉၆၂ ခုနှစ် မှ ၁၉၈၈ ခုနှစ် (Socialist Economy)

(၃) ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ် (Market oriented Economy)

(၄) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ စ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (Market Economy)

(၅) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စ၍ ယနေ့အထိ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) အရ (Market Economy) ဖြစ်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ အရ လက်ရှိအနေဖြင့် 'နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်'**

**၃။ လွတ်လပ်ရေးမရမီကာလ ဦးစားပေးအစီအစဉ်များချမှတ်ခဲ့ရာတွင်**

ပထမအရေးကြီးအနေဖြင့်

၁။ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးနှင့်ကိုယ်ပိုင်လုပ်ငန်းနှင့် ကုန်သွယ်ရေး လုပ်ငန်းများ စည်းကမ်းတကျဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း အခြေအနေကို သာယာအောင် ဖန်တီးပေးရန်

ဒုတိယအရေးကြီး အနေဖြင့်

၂။ လူထုအကျိုးစီးပွားဖွံ့ဖြိုးရေးနှင့် တိုင်းပြည်ပစ္စည်း အင်အားတိုးတက်ရေး

တို့ကိုချမှတ်ခဲ့သော်လည်း မူဝါဒကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခဲ့ပါ။

**၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ပ ါ ပြုပြင်ပြောင်းလဲမှုများအနေဖြင့်-**
**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ အပိုဒ် ၄၁ တွင်**

- နိုင်ငံ၏ ဓနအင်အားတိုးတက်စေရန်၄င်း၊ ပြည်သူ့ပစ္စည်းဥစ္စာ အင်အားကို ကောင်းသည်ထက်ကောင်းစေရန်၄င်း၊ ပြည်သူ့ယဉ်ကျေးမှု အဆင့်အတန်း မြင့်တက်လာစေရန်၄င်း၊ ပြည်ထောင်စုနိုင်ငံ၏ လွပ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရန်၄င်း၊ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ကြီးမားစေရန်၄င်း၊ ရည်ရွယ်၍ ပြည်ထောင်စုနိုင်ငံ၏ စီးပွားရေးဆိုင်ရာ စီမံကိန်းများကို ပြုစုရမည်။
    - စစ်ဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသောနိုင်ငံကြီးကို မြန်နိုင်သလောက်မြန်အောင်ထူထောင်ရန်
    - ရေရည် တောင်သူလယ်သမားတို့ နေရေးထိုင်ရေးကို အဆင့်အတန်းမြင့်ရန် ရည်ရွယ်သည့် စီးပွားရေးစနစ်ကြီးကို အုတ်မြစ်ချရန်

တို့ကို ဖော်ပြထားကြောင်းတွေ့ရှိရပါတယ်။

**၅။ လွတ်လပ်ရေးအကြိုခေတ်စီမံကိန်း**

ဆိုရန်တိုဗီလာ (၂) နှစ်စီမံကိန်း (၁၉၄၈-၄၉ မှ ၁၉၄၉-၅၀)

- လာမည့် (၂) နှစ် အချိန်ကာလအတွင်း အစွမ်းကုန် လုပ်နိုင်မည်ဟု အစိုးရက ယူဆသော တိုးတက်မှုလုပ်ငန်းစီမံကိန်းများ လုပ်ကိုင်ရန်
- စီမံကိန်းအရ စီးပွားရေးတိုးတက်အောင်လုပ်ကိုင်သည့် နည်းလမ်းများ အုတ်မြစ်ချရန်

ဟုဖော်ပြထားပါတယ်။

**၆။ ပြည်တော်သာစီမံကိန်း၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု**

- ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ လုံခြုံရေး နှင့် စိတ်အားလက်အားရှိရေး တို့၌ ကြောင့်ကြမှု လုံးဝကင်းသော နိုင်ငံတော်သစ်တစ်ခု ဖန်တီးတည်ဆောက်ရေးပင် ဖြစ်သည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် အူမကိုတောင့်အောင် ပြုလုပ်ကြပြီးနောက် သီလကို စိတ်အေးလက်အေး ငြိမ်းအေးချမ်းသာစွာဖြင့် တည်ဆောက်နိုင်ကြဘို့ရန် ဖြစ်ပေသတည်း။

(ခေတ်သစ်မြန်မာပြည်တော်သာစာအုပ်- စာမျက်နှာ-၁၂)

**၇။ ပြည်တော်သာညီလာခံအရ**

နိုင်ငံတော် အစိုးရ၏ ရည်ရွယ်ချက် (၁၉၅၂–၁၉၅၃)

သက်သာချောင်ချိရေးနှင့် ကြီးပွားတိုးတက်ရေး

- စီမံကိန်းရေးဆွဲရေး
- ရ၊ သုံး၊ ငွေစာရင်းပြုလုပ်ခြင်း

(သက်သာချောင်ချိရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အဖွဲ့များအား ဆန္ဒအလျောက် အသုံးပြုနိုင်ရန် ကျယ်ပြန့်သောအာဏာများ အပ်နှင်းထားရမည်သို့ရာတွင် တာဝန်မဲ့လုပ်ငန်းများကို ကာကွယ်နိုင်မည့် နည်းလမ်းများလည်း ရှိရမည်။)

**၈။ လွတ်လပ်ရေး ရပြီး စီးပွားရေး ပြုပြင်ပြောင်းလဲမှု**

- စစ်ဒါဏ်ကြောင့် ပျက်စီးယိုယွင်းနေသော နိုင်ငံကြီးကို မြန်နိုင် သလောက် မြန်အောင် ထူထောင်ရေး၊
- ရေရှည်တွင် တောင်သူလယ်သမားတို့ နေရေးထိုင်ရေးကို အဆင့်အတန်း မြှင့်တင်ရေးနှင့် ဆင်းရဲသားများ ကြီးပွားရေး၊
- လူတိုင်း မျှမျှတတ အကျိုးခံစားခွင့်ရရှိရေးတို့ကို ရည်မှန်းထားပါသည်။

**၉။ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ ဆောင်ရွက်ချက်များအနေဖြင့်-**

- ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတွင် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုကို ကာကွယ်သည့် ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။
- ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလတွင် 'မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှု အော်ပိုရေးရှင်း (BEDC) နှင့် စက်ဘက်ကုန်စည် ဖြန့်ချီရေးလုပ်ငန်း' ကို ပြည်သူပိုင် ပြုလုပ်ခဲ့သည်။
- ၁၉၆၄ ခုနှစ်၊ မတ်လနှင့် ဧပြီလတွင် ကုမ္ပဏီကြီးများ၊ စတိုးဆိုင်ကြီးများ၊ ပွဲရုံကြီးများ၊ လက္ကားရောင်းဝယ်ရေး လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ခဲ့သည်။
- ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေနှင့် နည်းဥပဒေများ၊
- ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား ကာကွယ်သည့် ဥပဒေများ၊
- ၁၉၆၅ ခုနှစ်၊ သီးစားခ ဖျက်သိမ်းသည့် ဥပဒေ၊
- ၁၉၆၄ ခုနှစ်၊ ပြည်သူအလုပ်သမားများ၏ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ၊

**၁၀။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အနေဖြင့်-**

- လယ်ယာကဏ္ဍနှင့် အသားထုတ်လုပ်ရေးကဏ္ဍမှအပ ငါး၊ သစ်တော၊ သတ္တု စသည့် သဘာဝပစ္စည်းများထုတ်လုပ်မှု၊ အရေးကြီးသော စက်မှုလက်မှု ထုတ်လုပ်မှု၊ စက်တပ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ နိုင်ငံခြားတိုင်းပြည်များနှင့် ကုန်သွယ်ရေး၊ ပြည်တွင်း လက်ကား ကုန်သွယ်ရေး စသည်တို့ကို ပြည်သူပိုင် အခန်းတွင် လုပ်ကိုင်ရန် ရည်မှန်းထားပါသည်။

- လာမည့်နှစ် (၂၀) အတွင်း အထက်ပါအတိုင်း ပိုင်ဆိုင်မှုပုံစံ ပြောင်းလဲစေရာတွင် စီးပွားရေး ကဏ္ဍ တစ်ခု၊ နှစ်ခု အပေါ်တွင်သာ အားကိုးနေရသည့် ပုံစံမှ ဘက်စုံစီးပွားရေး ပုံစံသို့ ပြောင်းလဲလာစေရေး ရည်မှန်းထားပါသည်။

**၁၀။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှုအရ ဦးစားပေး အစီအစဉ်များ အနေဖြင့်**

(၁) သဘာဝပစ္စည်းများကို ထုတ်လုပ်နိုင်သအမျှ ထုတ်လုပ်၍ နိုင်ငံခြား တိုင်းပြည်များသို့ ရောင်းချရန်

(၂) ပြည်တွင်းသဘာဝပစ္စည်းများအပေါ် အခြေခံ၍ စက်မှုလက်မှု လုပ်ငန်းများကို တည်ထောင်ကာ လူသုံးကုန်ပစ္စည်းများထုတ်လုပ်၍ နိုင်ငံခြားတိုင်းပြည်မှ သွင်းကုန်များကို အစားထိုးရန်

(၃) ပြည်တွင်းသတ္တုကုန်ကြမ်းများကို အသုံးပြုနိုင်သည့် စက်မှုလုပ်ငန်းအကြီးစားများကို အစပျိုးရန် တို့ကို ချမှတ်ထားပါသည်။

**၁၁။ နိုင်ငံတော်အနေဖြင့် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် မတိုင်မီ**

နိုင်ငံတော်အနေဖြင့် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် မတိုင်မီက ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ရာမှ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဈေးကွက်ဦးတည်သည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါသည်။ ၁၉၈၉-၉၀ ဘဏ္ဍာနှစ်မှ ၁၉၉၁-၉၂ ဘဏ္ဍာနှစ် ထိ ပထမ ၃ နှစ်ကာလအတွင်း နိုင်ငံတော် တည်ငြိမ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အဓိကထား ဆောင်ရွက်ခဲ့ပါသည်။ ယိုယွင်း ကျဆင်းခဲ့သည့် စီးပွားရေးကို တည်ငြိမ်လာပြီး ပြန်လည်ဦးမော့လာစေရန် စီးပွားရေး တည်ငြိမ်မှု အစီအစဉ်များ ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါသည်။

**၁၂။ တပ်မတော်အစိုးရ လက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအနေဖြင့်-**

တပ်မတော်အစိုးရ လက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအနေဖြင့် စီးပွားရေးမူဝါဒ (၄) ရပ်ချမှတ်၍ ဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရေး ဦးတည်လုပ်ဆောင်ခဲ့ပြီး အခြေခံ အဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေကာတာများ၊ ရေအားလျှပ်စစ်စီမံကိန်း များ မြို့ပြထူထောင်ခြင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ခဲ့ ကြောင်း တွေ့ရှိရပါတယ်။

စီးပွားရေးဦးတည်ချက် (၄) ရပ်မှာ

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်အနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်ရှိရေး

တို့ကိုချမှတ်၍ အကောင်အထည်ဖော်ခဲ့ပါသည်။

**၁၃။ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ**

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အစိုးရသစ်ကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးနောက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခဲ့ပါသည်။

**၁၄။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ (၂၀၁၁-၂၀၁၆ ခုနှစ်) ကာလအတွက် ရွေးကောက်တင်မြှောက်ခံရသည့် ပထမ အစိုးရ သက်တမ်းအတွင်း မေခရိ စီးပွားရေးတည်ငြိမ်ရေးနှင့် ခေတ်နှင့်ဆီလျော်မှု မရှိသည့် ဥပဒေ ၊ စည်းမျဉ်း၊ စည်းကမ်းများ ပြင်ဆင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ တစ်ပြိုင်တည်းမှာပင် စီးပွားရေးမူဝါဒ (၄) ရပ်ကို ချမှတ်ခဲ့ပါသည်-

**နိုင်ငံတော်၏ စီးပွားရေးမူဝါ (၄) ရပ် (၂၀၁၁-၁၂ မှ ၂၀၁၅-၁၆)**

(၁) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး၊ ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေး နှင့် ကဏ္ဍစုံ၊ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
Sustaining agriculture development towards industrial development and all round development

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး
Balance and proportionate development among states and regions

(၃) ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး
Inclusive growth for entire population

(၄) စာရင်းအင်းအချက်အလက်များ အရည်အသွေး ပြည့်ဝစေရေး
Quality of Statistic and statistical system

**၁၅။ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်**

ချမှတ်ထားသည့်စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေစွာ ၂၀၁၂ ခုနှစ်တွင် စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်ကို ချမှတ်ခဲ့ရာ အောက်ပါကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်ရေးတို့အတွက် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင် (Framework on Economic and Social Reform “ FESR)အရ-

- ဘဏ္ဍာရေးနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲမှုများ၊

- - ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊
- - ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြေလျှော့မှုများဆောင်ရွက်ခြင်း၊
- ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊
- - ကျန်းမာရေးနှင့် ပညာရေး၊
- - စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊
- အစိုးရစနစ်နှင့် ပွင့်လင်းမြင်သာမှု၊
- - မိုဘိုင်းဖုန်းနှင့် အင်တာနက်၊
- - အခြေခံ အဆောက်အအုံ ၊
- - ထိရောက် ထက်မြက်သည့်အစိုးရ ဖြစ်ရေး၊

**၁၆။ နိုင်ငံတော်၏ ဦးစားပေး လုပ်ငန်း (၇) ရပ် (Seven Priority Areas)-**


- လျှပ်စစ်ကဏ္ဍ
- ရေရရှိရေး
- စိုက်ပျိုးရေးဖွံ့ဖြိုးမှု
- အလုပ်အကိုင်ဖန်တီးပေးနိုင်မှု
- ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု
- ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု
- ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု

တို့နှင့် ကိုက်ညီသည့် ဖွံ့ဖြိုးမှုစီမံချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အတွက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

**၁၇။ ပြည်သူမှရွေးကောက်ခံရသည့်အစိုးရ (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ -၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**

ပြည်သူမှရွေးကောက်ခံရသည့်အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်မှ စ၍ မေခရို စီးပွားရေး တည်ငြိမ်ရေးနှင့် ခေတ်နှင့်ဆီလျော်မှုမရှိသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ပြင်ဆင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် စီးပွားရေးမူဝါဒများကို ချမှတ်ခဲ့ပြီး လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ် ၉၅ ရပ် ကိုလည်း ဖော်ထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် လုပ်ငန်းစဉ် ၉၅ ရပ် ဖြင့် စီးပွားရေးမူဝါဒများ ကို အကောင်အထည်ဖော်နိုင်ဖော်ရာတွင် လက်ရှိပကတိ အခြေအနေနှင့် ကိုက်ညီမည့် ဦးစားပေး အစီအစဉ်များ၊ လတ်တလောဆောင်ရွက်ရ မည့် အစီအစဉ်များ၊ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက်များ စသည်ဖြင့် အလေးပေးရမည့် နယ်ပယ်များကို သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

နိုင်ငံတော်တည်ဆောက်မှုတွင် နိုင်ငံတော်၏ လုပ်ဆောင်ရန် နယ်ပယ်တို့ကို နိုင်ငံတော် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အရ ဘယ်လိုထိန်းညှိဆောင်ရွက်သွားမလဲဆိုတဲ့အချက်ကို အလေးထားစဉ်းစားရမှာဖြစ်ပါတယ်။




**၂၅။ နိုင်ငံတော် ၏ လုပ်ဆောင်ရန်နယ်ပယ်များကို အောက်ပါအတိုင်းခွဲခြားသုံးသပ်ပါက-**

- အနိမ့်ဆုံးလုပ်ဆောင်ရန်လိုအပ်ချက်
    - ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေး
    - ပုဂ္ဂလိကပိုင်ပစ္စည်းကာကွယ်ရေး
    - မက်ခရိုစီးပွားရေးစီမံခန့်ခွဲရေး
    - ကျန်းမာရေး
    - ဆင်းရဲမှုတိုက်ဖျက်ရေး
    - တိုင်းရင်းသားစည်းလုံးညီညွတ်ရေး
- အလယ်အလတ် ဆောင်ရွက်ရန် (လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်)
    - ပညာရေး
    - သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
    - ဘဏ္ဍာရေးထိန်းချုပ်မှုများ ဖြေလျော့ရေး
    - နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ဆောင်ရွက်ချက်များတွင် ပြည်သူများ ပါဝင်ဆောင်ရွက်ရေး
    - လူမှုလုံခြုံရေး

- အမြင့်ဆုံး ဆောင်ရွက်ရန်
- ဝင်ငွေခွဲဝေဖြန့်ဖြူးရေးနှင့်လူမှုဖူလုံရေး

စသည်တို့ကို ဆောင်ရွက်ရန်ဖြစ်ပါတယ်။

**၂၆။ နိုင်ငံတော်အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုကို သုံးသပ်လေ့လာပါက-**

- ပေါ်လစီချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း
- အုပ်ချုပ်မှုစွမ်းရည်နှင့် ဗျူရိုကရေစီအရွယ်အစား
- အာဏာအလွဲသုံးစားပြုမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှု
- တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှု
- ဥပဒေပြုရေးနှင့် တရားစီရင်ရေး

တို့ကို အလေးပေးသုံးသပ်ရမည်ဖြစ်ပါတယ်။

**၂၇။ စီးပွားရေးလုပ်ငန်းတိုင်းကို ဒေသဖွံ့ဖြိုးတိုးစေရေး မူဘောင်အတွင်းမှ လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိကြစေရန်-**

- ဒေသများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးလာရေး၊
- အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာရေး၊
- ကျွမ်းကျင်လုပ်သားဦးရေ တိုးပွားလာရေး၊

**၂၈။ ပြည်ထောင်စုတစ်ဝှမ်းလုံး ဘက်ညီဖွံ့ဖြိုးတိုးတက်စေရန် နှစ်စဉ်စီမံကိန်းများကို ဒေသအလိုက် ခြားနားသော ပထဝီ ရေမြေ၊ ရာသီနှင့် ညီညွတ်သည့် ဒေသန္တရစီမံကိန်းများအဖြစ် ရေးဆွဲအကောင်အထည်ဖော်ရန်**

- ကဏ္ဍအလိုက် ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုနှင့် ကုန်သွယ် မှု တိုးတက်လာရေး၊
- တိုင်းဒေသကြီး/ပြည်နယ် များဖွံ့ဖြိုးလာရေး၊
- ကဏ္ဍနှင့်ဒေသများချိတ်ဆက် မှုအားကောင်းလာရေး၊

**၂၉။ နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ဖြစ်ထွန်း ပေါ်ပေါက်စေရေးအတွက် တိုင်းဒေသကြီး နှင့် ပြည်နယ်များအကြားတွင် သွင်းအားစုခွဲဝေမှု ညီမျှစေပြီး၊ အချိုးညီသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးခံစားနိုင်စေရန်**

- တိုင်းဒေသကြီး/ပြည်နယ်များ ၏ လူမှုစီးပွားဖွံ့ဖြိုးလာ ရေး၊
- စီးပွားရေးစင်္ကြံများ ပိုမို အားကောင်းလာရေး၊
- တိုင်းရင်းသား လူမျိုးများ အချင်းချင်း ချစ်ကြည် ရင်းနှီးမှု ပိုမိုရရှိလာရေး၊

**၃၀။ တိုင်းဒေသကြီး/ပြည်နယ်များအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အချိုးကျမျှတ စေမည့် အပြင် ခေတ်မီတိုးတက်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ကျင့်သုံးရန်**

